# (၅၂) နှစ်မြောက် ပြည်ထောင်စုနေ့နှင့်ပတ်သက်၍ ချင်းအမျိုးသားတပ်ဦး၏ သဘောထားထုတ်ပြန်ကြေညာချက်။

ယနေ့ ကျရောက်သည့်(၅၂)နှစ်မြောက် ပြည်ထောင်စုနေ့သည် ၁၉၄၇ ခုနှစ်၊ ဖေဖော်(၁၂)ရက်နေ့တွင် ရှမ်းပြည်ပင်လုံ မြို့၌ ချင်း၊ ကချင်၊ ရှမ်း၊ ဗမာစသော တိုင်းရင်းသားခေါင်းဆောင်များ ညီလာခံကျင်းပရာမှ လူမျိုးပေါင်းစုံ ပါဝင်သော ပြည်ထောင်စုကြီးတည်ဆောက်ရန် သဘောတူလက်မှတ်ရေးထိုးခဲ့ကြသော သမိုင်းဝင်ပင်လုံစာချုပ် ချုပ်ဆိုနိုင်ခဲ့သည့် နေ့ထူးနေ့မြတ်ဖြစ်ပါသည်။ ၎င်းစာချုပ်အနေဖြင့် တိုင်းရင်းသားလူမျိုးများအကြား အပြန်အလှန်အသိအမှတ်ပြုမှု၊ လေးစားမှုနှင့် တန်းတူညီမျှမှုရှိသော အခြေခံမူများကို အာမခံချက်ပေးသည့်အပြင် ဗြိတိသျှကိုလိုနီအစိုးရထံမှ လွတ်လပ်ရေးကို ပိုမိုလျှင်မြန်စွာရရှိသည်အထိ အားဖြည့်ပေးနိုင်ခဲ့ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်ပေး နိုင်ခဲ့သည်။

သို့သော် လွတ်လပ်ရေးရရှိလာသောအခါ ဗမာလူမျိုးကြီးဝါဒီ နိုင်ငံရေးသမားတစု၏လုပ်ရပ်ကြောင့် ပင်လုံစာချုပ်၏ အနှစ်သာရနှင့် ဆန့်ကျင်ကွဲလွဲသော တပြည်ထောင်စနစ်ကို ကျင့်သုံးလာခဲ့ပြီး တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍပေါင်းစုံတွင် အကြပ်အတည်းပေါင်းစုံနှင့် ရင်ဆိုင်ခဲ့ရပါသည်။ ပင်လုံညီလာခံ၏အနှစ်သာရ ဖြစ်သော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးနှင့် တိုင်းရင်းသားလူမျိုးများ၏ အသွင်မျိုးစုံသော အကြပ်အတည်းပေါင်းစုံမှ လွတ်မြောက်နိုင်ရန် တိုင်းရင်းသားခေါင်းဆောင်များ ၁၉၆၁ ခုနှစ်၊ ဖေဖေဝါရီလတွင် ရှမ်းပြည်တောင်ကြီးမြို့၌ ညီလာခံကျင်းပခဲ့ရာ ပါလီမန်သို့ တောင်းဆိုချက်များ တင်ပြခဲ့ပြီး ပါလီမန်မှ အတည်ပြုပြဋ္ဌာန်းရန် လပိုင်းအလို တွင် ဗိုလ်နေဝင်းဦးဆောင်သော ဗမာ့တပ်မတော်မှ နိုင်ငံတော်အာဏာကို သိမ်းပိုက်ခဲ့သဖြင့် စစ်အာဏာရှင်စနစ် အောက်တွင် ယနေ့အထိ ကျရောက်သွားခဲ့သည်။

သို့ဖြစ်၍ တိုင်ရင်းသားလူမျိုးများသည် လွတ်လပ်ရေးရရှိချိန်မှစ၍ ယနေ့အထိ ဗမာလူမျိုးကြီးဝါဒီ နိုင်ငံရေးသမား တစုနှင့် စစ်အာဏာရှင်တို့၏ မတရားဖိနှိပ်အုပ်ချုပ်မှု၊ အခွင့်အရေးများပိတ်ပင်တားဆီးမှုမျိုးစုံကို နှစ်ပေါင်းများစွာ ရင်ဆိုင်ခဲ့ရသော်လည်း ပင်လုံစာချုပ်အရ ဖြစ်ပေါ်လာခဲ့သော ပြည်ထောင်စုကြီးကို ဖြိုခွဲရန်အားထုတ်ခြင်းမပြုလုပ် သည့်အပြင် တန်းတူညီမျှမှုကို အခြေခံသော စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် တိုက်ပွဲဝင်လျှက်ရှိပေသည်။

ယနေ့မြန်မာနိုင်ငံတွင် ရင်ဆိုင်နေရသောပြဿနာသည် တိုင်းရင်းသားများအရေးနှင့် ဒီမိုကရေစီအရေးတို့ဖြစ်၍ ၎င်းပြဿနာအား ဖြေရှင်းပြေလည်နိုင်ရန် စစ်မှန်၍အဓိပ္ပါယ်ပြည့်ဝသော တွေ့ဆုံဆွေးနွေးမှုရှိရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်ထောင်စုတိုင်းရင်းသား ပြည်သူတရပ်လုံးအနေဖြင့် ပင်လုံစာချုပ်ကို အခြခံ၍ တန်းတူညီမျှမှုရှိသည့် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရေးကို မျှော်မှန်းကြသည်နှင့်အညီ ၎င်း(၅၂) နှစ်မြောက်ပြည်ထောင်စုနေ့ အခါသမယတွင် စည်းလုံးညီညွတ်မှု တည်ဆောက်ရေးလုပ်ငန်းများ ပိုမိုမြှင့်တင်ဖော်ဆောင်လျက် ငြိမ်းချမ်းသာယာသော လူ့ဘောင်အဖွဲ့အစည်းဆီသို့ လက်တွဲမဖြုတ် ချီတက်ကြပါရန် ထုတ်ပြန်ကြေညာအပ်ပါသည်။

ရက်စွဲ၊ ၁၉၉၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်နေ့ ဗဟိုကော်မီတီ

Chin National Front – General Headquarters, Chinland

Chin National Front – General Headquarters, Chinland